SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com

**ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ သတင်းထုတ်ပြန်ချက်**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်

**ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်တွင် အရက်မူးနေသောစစ်ကောင်စီယာဉ်မောင်းမှ ပြည်သူတစ်ဦးအား ကားဖြင့်တိုက်ကာ သေဆုံးမှုဖြစ်ပွား**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်တွင် ဇန်နဝါရီလ ၂၉ ရက်နေ့က အရက်မူးနေသောစစ်ကောင်စီတပ်သားမောင်းလာသည့် စစ်ကောင်စီကားတစ်စီးသည် အသက် ၂၈ နှစ်အရွယ်အမျိုးသားတစ်ဦးကို ဝင်တိုက်ကာ အသက်သေဆုံးစေခဲ့မှုဖြစ်ပွားခဲ့ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်တွင် စစ်ကောင်စီယာဉ်မောင်းမှ ပြည်သူအား ကားဖြင့်တိုက်သတ်ကာမောင်းပြေးသောတည်နေရာ




သေဆုံးသူအသက်၂၈ နှစ်အရွယ် ရှိ စိုင်းမောင်ညိုသည် မိုင်းရှူးမြို့ အစွန်ရှိ ပန်စွဲကျေးရွာတွင် ၎င်းမိတ်ဆွေ ၏မင်္ဂလာ ပွဲအား သွားရောက်ကူညီပြီး အပြန်ကား ပေါ်သို့ တက်မည့်အချိန်တွင် အရှိန်ပြင်းစွာ မောင်းလာသော စစ်ကောင်စီထရပ်ကားမှ အနောက်သို့ပြင်း ပြင်းထန်ထန် ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဝင်တိုက် မှုကြောင့်စိုင်းမောင်ညို၏ ခန္ဓာကိုယ်မှာ ၁၅ မီတာ အထိလွင့်စဥ်သွားခဲ့ပြီး အသံမှာ အလွန်ကျယ် လောင် သော ကြောင့် အနီးတ ဝိုက်ရှိ ဒေသခံများမှာ အမှိုက် သိမ်း ယာဥ်မှ အမှိုက်များ လာရောက် ပစ်ချ သည်ဟု ထင်မှတ်ခဲ့ကြ သည်။ ယာဥ်တိုက်မှုဖြစ်ပွား ပြီးနောက် စစ်ကောင်စီ ယာဥ်မောင်း သည် ကားကိုရပ်တန့်ခြင်း မရှိဘဲမောင်း ပြေးသွားခဲ့သည်။

စိုင်းမောင်ညိုအားမိုင်းရှူးဆေးရုံသို့အမြန်ခေါ်ဆောင်သွားခဲ့သော်လည်း ဒဏ်ရာအလွန်ပြင်းထန်သဖြင့် တာဝန်ကျ ဆရာဝန်မှ ၎င်းအနေဖြင့်မကုသနိုင်သောကြောင့် ခိုလမ်သို့မဟုတ်တောင်ကြီးဆေးရုံသို့ လွဲပြောင်းကုသ

ရန်ပြောဆိုခဲ့သည်။ သို့သော်လည်း ထိုကဲ့သို့မရွှေ့ပြောင်းနိုင်သေးမီ စိုင်းမောင်ညို၏အခြေအနေမှာပိုမိုဆိုးရွားလာခဲ့ကာ မျှော်လင့်ချက်မရှိတော့သဖြင့် မိသားစုမှနေအိမ်သို့ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ယာဥ်တိုက်မှုဖြစ်ပြီး ၂နာရီအကြာ နေ့လည်၁နာရီခွဲတွင် သေဆုံးခဲ့ရသည်။



*စိုင်းမောင်ညို*

ယာဥ်တိုက်မှုဖြစ်ပွားပြီးနောက် ဝင်တိုက် ခဲ့သောစစ် ကောင်စီထ ရပ်ကား မှာ ပန်စွဲကျေးရွာ အခြေစိုက် ခလရ ၁၄၉ တပ်ရင်းတွင်းသို့မောင်းနှင် ဝင်ရောက်သွားခဲ့ရာ သေဆုံးသူ ၏မိတ်ဆွေ များမှာ အဆိုပါ တပ်ရင်းသို့ သွားရောက် ကာ ကျူးလွန်သူယာဥ်မောင်း အားအရေးယူပေး ရန်တောင်းဆိုခဲ့ သည်။ ၎င်းတို့မှာထိုစစ်ကောင်စီ တပ်ရင်းမှ ဗျူဟာ မှူး တစ်ဦးနှင့်တွေ့ ဆုံခဲ့ပြီး ၎င်းမှ"ယာဥ်မောင်းမှာအရက်မူးနေပြီး ၎င်း တို့မှထိုယာဥ်မောင်းအား အရေးယူ သွားမည်၊ သို့သော်ထိုယာဥ် မောင်း မှာ မိမိတို့တပ်မှမဟုတ်ဘဲ နမ့်စန် အခြေစိုက်တပ်မှဖြစ်သည် "ဟုပြောဆိုခဲ့သည်။

ထိုနေ့ညနေ ၈ နာရီတွင် ခလရ ၁၄၉ တပ်မှ စစ်ကောင်စီအရာရှိ ၁၀ ဦးခန့်သည် မိုင်းရှူးမြို့ရပ်ကွက် ၃ ရှိ စိုင်းမောင်ညိုနေအိမ်သို့လာရောက်ကာ စိုင်းမောင်ညိုဇနီးနှင့်.သူမ၏မှတ်ပုံတင်တို့ အားဓာတ်ပုံရိုက်ယူခဲ့သည်။ စိုင်းမောင်ညိုဇနီးမှ အိမ်ထောင်ဦးစီးတစ်ဦးဆုံးရှုံးခဲ့ရသော သူမနှင့်သူမ၏အသက် ၂ နှစ်အရွယ် သမီးငယ်အတွက် မည်ကဲ့သို့တာဝန်ယူပေးမည်နည်းဟု ၎င်းတို့.ကိုမေးမြန်းခဲ့သည်။ စိုင်းမောင်ညိုသည် ကုန်တင်ယာဉ်မောင်းအဖြစ် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ စစ်ကောင်စီအရာရှိများနှင့်အတူလိုက်လာသောမြို့နယ်စည်ပင်ဦး စီးမှူး မှငွေ ကြေးကူညီပေးသွားမည်ဟုပြောဆိုခဲ့သော်လည်းယနေ့အချိန်အထိမည်သည့်အထောက်အပံ့ကိုမှ လက်ခံရရှိ ခြင်း မရှိသေးကြောင်းသိရသည်။

ကျန်ရစ်သူမိသားစုမှ စိုင်းမောင်ညို၏ဈာပနအား ဇန်နဝါရီ ၃၁ ရက် ၂၀၂၂ ခုနစ်တွင်ပြုလုပ်ခဲ့ပြီး ငွေသိန်း ၁၀၀ ကျော်ခန့်ကုန်ကျခဲ့သည်။

**ကားဖြင့်တိုက်ပြီးနောက် စစ်ကောင်စီယာဥ်မောင်းထွက်ပြေးသွားရာလမ်းကြောင်း**




## ဆက်သွယ်ရန်

စိုင်းဟော်ရှဲန် +66 94-728-6696 (ရှမ်း၊ အင်္ဂလိပ်)

စိုင်းဆန်လွယ် +66: 88 680 4913 (ရှမ်း၊ မြန်မာ)